မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

May 21, 2026 — Volume 102, Number 14

၂၁. ၅. ၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၄၀.၆၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၄၂.၂၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၂၂.၅၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၉၈.၇၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၈.၉၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၈၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၉.၅၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၂၉.၉၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၃၅ ကျပ် |

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## သင်္ကြန်အပြီး ငါးခြောက်နှင့်ပုစွန်ခြောက်များ အရောင်းအဝယ်အေးနေ




သင်္ကြန်အပြီးကာလကနေ လက်ရှိမေလပိုင်းအထိ ငါးခြောက်နဲ့ပုစွန်ခြောက်တွေ အရောင်းအဝယ်အေးနေပြီး ဝယ်ယူသူ အလွန်နည်းပါးလာတယ်လို့ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ပွဲရုံဝင်းအတွင်းရှိငါး၊ပုစွန်ခြောက်မျိုးစုံရောင်းချနေသူတွေဆီက သိရပါတယ်။

အရင်က တနင်္လာကနေ ကြာသပတေးနေ့အထိကို ဝယ်သူတွေ ကြိတ်ကြိတ်တိုးခဲ့ပြီး အခုဆိုရင်တော့ တနင်္လာနေ့နဲ့ စနေနေ့လောက်သာ အရောင်းအဝယ်ရှိပြီး ငါးခြောက် ဈေးနှုန်းတွေကလည်း ပြီးခဲ့တဲ့နှစ်တွေထက် ၂ ဆလောက်တက်သွားတယ်လို့ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ပွဲရုံဝင်းအတွင်းရှိ ငါး၊ ပုစွန်ခြောက်မျိုးစုံ ရောင်းချနေသူတစ်ဦးက ပြောပါတယ်။

လက်ရှိ ငါး၊ ပုစွန်ခြောက်မျိုးစုံအရောင်းဆိုင်တွေမှာ ပုစွန်ခြောက်တစ်ပိဿာကို အနည်းဆုံး ကျပ် ၈၀,၀၀၀ လောက်ကနေ ကျပ် ၂၀၀,၀၀၀ လောက်အထိ ဈေးရှိနေပြီး ကျပ် တစ်သိန်းကျော်ကနေ တစ်သိန်းခွဲကြားဈေးရှိတဲ့ ပုစွန်ခြောက်တွေက အရောင်းအဝယ် ပိုဖြစ်နေတယ်လို့ ဆိုပါတယ်။

ဒါ့ပြင် ငါးခြောက်ဈေးနှုန်းတွေကတော့ အာပြဲခြောက် တစ်ပိဿာကို ကျပ်ငါးသောင်းကနေကျပ်ကိုးသောင်းခွဲ၊ငါးနီတူတစ်ပိဿာကို ကျပ်နှစ်သောင်းကနေ ကျပ်လေးသောင်းခွဲ၊ ငါးပုတ်သင်လုံး တစ်ပိဿာကိုကျပ်သုံးသောင်းခွဲကနေ သုံးသောင်း ရှစ်ထောင်၊ ငါးကွမ်းရှပ် တစ်ပိဿာကိုကျပ်ခုနစ်သောင်းခွဲကနေရှစ်သောင်း၊ငါးရံ့ပြားတစ်ပိဿာကို ကျပ်တစ်သိန်းကနေ တစ်သိန်းသုံးသောင်းအထိ ဈေးရှိနေပြီး အာပြဲခြောက်၊ ငါးနီတူနဲ့ ငါးကွမ်းရှပ်တို့က အများဆုံးရောင်းနေရတယ်လို့

သိရပါတယ်။

ငါးခြောက်နဲ့ ပုစွန်ခြောက်တွေ အရောင်းအဝယ်အေးနေတာဟာ သင်္ကြန်အပြီးကနေ အခုချိန်ထိဆိုရင် တစ်လလောက်အထိ ရှိနေပြီ ဖြစ်ကြောင်း သိရပါတယ်။

**Source :** https://onenewstvchannel.com/

## ကုန်စည်ပို့ဆောင်စရိတ်များ ပြန်လည်ကျဆင်း



ကုန်ကားတွေနဲ့ တွဲကားတွေရဲ့ ကုန်စည်သယ်ယူပို့ဆောင်စရိတ်တွေ ပြန်လည်ကျဆင်းလာတယ်လို့ ရဲကျော် ရန်ကုန်-မန္တလေးကုန်စည်ပို့ဆောင်ရေးဂိတ်ရဲ့ ဂိတ်ပိုင်ရှင်က ပြောပါတယ်။

မရမ်းကုန်းမြို့နယ်ရှိ ဘုရင့်နောင်ကုန်စည်ပို့ဆောင်ရေးဂိတ်တွေမှာ တစ်ရက်ကို ကုန်ကား ၄ စီးကနေ ၅ စီးဝန်းကျင်လောက် အဝင်အထွက်ရှိနေတယ်လို့ဆိုပါတယ်။

အရင် စက်သုံးဆီဈေးတွေမြင့်တက်ချိန်က ဘီလပ်မြေတစ်အိတ်ရဲ့ သယ်ယူပို့ဆောင်ခ စရိတ်ဟာ ကျပ်တစ်သောင်းကျော်ရှိခဲ့ရာကနေ လက်ရှိမှာ ကျပ်ခြောက်ထောင်ကျော်လောက်ပဲရှိတော့တယ်လို့ ရဲကျော် ရန်ကုန်-မန္တလေး ကုန်စည်ပို့ဆောင်ရေးဂိတ်ရဲ့ ဂိတ်ပိုင်ရှင်ကပြောပါတယ်။

လက်ရှိမှာ ရှမ်းပြည်နယ်တောင်ပိုင်းကနေ ပြောင်းဖူးနဲ့ သီရိမင်္ဂလာဈေးမှာချတဲ့ ကုန်စိမ်းကားတွေအဝင်များပြီး မန္တလေး မြစ်သား ကျောက်ဆည်ကနေ ကြက်သွန်၊ ပဲ၊ နှမ်း၊ ပြောင်းတွေတင်တဲ့ကုန်ကားတွေ အဝင်များတယ်လို့ သိရပါတယ်။

ရန်ကုန်မြို့ရှိ ဘုရင့်နောင်ကုန်စည်ပို့ဆောင်ရေးအနေနဲ့လည်း ရန်ကုန်ကနေ ပဲခူး၊ ပြည်၊ တောင်ငူ၊ ဘားအံ၊ မော်လမြိုင်၊ ထားဝယ်၊ မန္တလေး၊ မုံရွာ၊ တောင်ကြီးအစရှိတဲ့ဒေသတွေကို တိုက်ရိုက်ပို့ဆောင်ပေးနေတယ်လို့လည်း သိရပါတယ်။

**Source :** https://onenewstvchannel.com/

## ချောင်းကမ်းပါးဝဲယာများတွင် ထိုင်းဝါးအမျိုးအစား ကင်စွန်း(ခေါ်) မျှစ်ချိုကို စီးပွားဖြစ် စိုက်ပျိုးမည်



မြန်မာနိုင်ငံတစ်ဝှမ်းရှိ ဆားငန်ရေ မဝင်ရောက်နိုင်သော ချောင်းကမ်းပါးဝဲယာများတွင် ထိုင်း ဝါးအမျိုးအစား ကင်စွန်း(ခေါ်) မျှစ်ချိုကို စီးပွားဖြစ် စိုက်ပျိုးနိုင်ရန် အစိုးရထံတင်ပြထားကြောင်း ဝါးလုပ်ငန်းပညာရှင်တစ်ဦး ကပြောသည်။

ချောင်းဘေးဝဲယာများတွင် ဝါးစိုက်ပျိုးခြင်းသည် ရေကြီးရေလျှံမှုကို လျော့ပါးကာကွယ်နိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းနိုင်ခြင်း၊ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်းနှင့် နိုင်ငံခြားဝင်ငွေများရရှိနိုင်ကြောင်းရင်းကပြောသည်။

“ရေကြီးရေလျှံကာကွယ်ဖို့ရယ်၊ အလုပ်အကိုင်အခွင့်အလမ်းရယ်၊ နိုင်ငံခြားဝင်ငွေရဖို့ ချောင်းဘေးဝဲယာမှာ ကင်စွန်း(ခေါ်) မျှစ်ချိုဝါးတွေ စိုက်လိုက်တယ်၊ ဝါးတွေစိုက်လိုက်တဲ့အတွက် အဲဒီဝါးတွေကနေ မျှစ်တွေထွက်မယ်၊ အဲဒီကနေ Export သွားမယ်၊ ဝါးတွေထွက်မယ်၊ ဝါးတွေကိုကျတော့ စက်ရုံတွေဘာတွေ အထပ်သားစက်ရုံတွေကို လုပ်သွားမယ်၊ အလေအလွင့်ပစ္စည်းလေးတွေကတော့ မီးသွေးတို့ဘာတို့ဖုတ်ပြီး မြေသြဇာတို့ ဇန်နီကာတို့ထုတ်ပြီးမှ အဲဒါလေးတွေသွားကြမယ်” ဟု ၎င်းက ပြောသည်။

စိုက်ပျိုးမည့်ဝါးမျိုးမှာ မျှစ်ထွက်နှုန်းကောင်းသည့် ထိုင်းဝါးမျိုးရင်း ကင်စွန်း(ခေါ်)မျှစ်ချိုဖြစ်ကာ အပူ၊ အအေးဒဏ်ကို ခံနိုင်ရည်ရှိပြီး တစ်နှစ်ပတ်လုံးမျှစ်ထွက်ရှိနိုင်သည့်အပြင်ဆားငန်ရေမဟုတ်သောရိုးရိုးရေနှင့် မိုးများသည့်ဒေသများတွင်လည်းစိုက်ပျိုးဖြစ်ထွန်းနိုင်ကြောင်းသိရသည်။

"ကင်စွန်းက မျှစ်ချိုဆိုတော့ တူတာကတော့ ဝါးနက်နဲ့တူတယ်၊ ဒါပေမဲ့ အလုံးကလည်း ဝါးပိုးလောက်ကြီးတယ်။ တကယ်လို့ဖြစ်ထွန်းရင်တော့ အောင်မြင်တဲ့နေရာတွေကတော့ ရာသီဥတုကိုက်ညီရင်တော့ မျှစ်တစ်ခြမ်းကို (၃၊ ၄၊ ၅)ပိဿာလောက်ရှိတာပေါ့၊ ၂ နှစ်ဆိုရင် ပိုက်ဆံပေါ်ပြီ၊ မြေဖြစ်ထွန်းတဲ့နေရာဆိုရင်တော့ ၂ နှစ်လောက်ဆိုအရင်းကြေပြီး ၃ နှစ်ဆို အမြတ်ပေါ်ပြီ၊ ဆားငန်ရေတော့မရဘူး။ ရိုးရိုးရေတော့ရတယ်၊ ဝါးနက်တို့လို ရိုးရိုးရေ၊ မိုးရေတကတ်တာတွေခံနိုင်တယ်" ဟုဎင်းကပြောသည်။

နေပြည်တော်ရှိ ဥတ္တရသီရိ၊ ဇေယျာသီရိ နှင့် ပုဗ္ဗသီရိမြို့နယ်များတွင် ကင်စွန်း(ခေါ်)မျှစ်ချိုဝါးများစိုက်ပျိုးထားပြီး ဖြစ်ထွန်းကာ ငလိုက်ချောင်းနှင့် ဆင်သေချောင်းတစ်လျှောက်တွင် စိုက်ပျိုးသွားမည် ဖြစ်ကြောင်းသိရသည်။

ထို့ပြင် ဝါးအထပ်သားစက်ရုံ ထူထောင်နိုင်ပါက တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၄ သန်းမှ ၆သန်းအထိ ဝင်ငွေရရှိနိုင်ကြောင်းသိရသည်။

"အရင်စီမံကိန်းနဲ့ဆိုရင် အထပ်သားစက်ရုံဖြစ်သွားရင်တော့ စက်ရုံတစ်ရုံပုံမှန်လည်ပတ်သွားရင် ဒီတစ်ရုံက တစ်နှစ်ကို ဒေါ်လာ ၄ သန်းမှ ၆ သန်းအထိ ဝင်ငွေရှိမှာပေါ့နော်၊ အဲဒါမျိုးလေးတွေကို မြို့နယ်တိုင်း မြို့နယ်တိုင်းမှာ လုပ်သွားဖို့ဆိုပြီးမှ အစီအစဉ်လေးတွေ တော့ရှိတယ်။ ဒါလည်း နည်းနည်းတော့ ဝါးကုန်ကြမ်း မပြတ်လပ်ရေးတွေလုပ်ရဦးမှာဆိုရင်တော့ အရမ်းကြီးမြန်မှာတော့မဟုတ်ဘူး"ဟုဎင်းကပြောသည်။

ထိုသို့အသုံးပြုနိုင်ရန်အတွက် ဝါးကုန်ကြမ်း မပြတ်လပ်စေရေးသည် အဓိကအချက်ဖြစ်ပြီး ကင်စွန်း(ခေါ်) မျှစ်ချိုဝါးစိုက်ပျိုးရေးကို မဖြစ်မနေ အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း ဎင်းက ပြောသည်။

လက်ရှိအချိန်တွင်ကင်စွန်း(ခေါ်)မျှစ်ချိုဝါးကိုထိုင်းနိုင်ငံမှတင်သွင်းစိုက်ပျိုးနေခြင်းဖြစ်ကြောင်းသိရသည်။

"အဓိကကတော့ ဝါးလည်း စိုက်မယ်၊ နောက်သဘာဝပတ်ဝန်းကျင်အတွက်၊ ရာသီဥတုဖောက်ပြန်တာ၊ အလုပ်အကိုင်အခွင့်လမ်းဖန်တီးဖို့အတွက်ကတော့ ဝါးစိုက်ပျိုးရေးလုပ်ငန်းကို မဖြစ်မနေဆောင်ရွက်မှ ကျန်တာတွေ ဆက်ပြီး လုပ်လို့ရမှာပေါ့၊ အဲဒီတော့ဝါးစိုက်ဖို့ပဲအဓိကပြောချင်တယ်"ဟုဎင်းကပြောသည်။

ထို့ပြင် ဝါးလက်မှုမြှင့်တင်ရေးအတွက် နေပြည်တော်ရေပန်းဥယျာဉ်တွင်လည်း လက်မှုပညာပြခန်းနှင့် သင်တန်းကျောင်းများဖွင့်နိုင်ရန် စီစဉ်နေကြောင်း သိရသည်။

Source : https://www.npnewsmm.com/

## ပေါက်မြို့နယ်၏ နှမ်းသီးနှံ စိုက်ပျိုးထွက်ရှိမှု၊ အသားတင်အကျိုးအမြတ်နှင့် ဈေးနှုန်း၊ ဈေးကွက်အခြေအနေ



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပေါက်မြို့နယ်ရှိ ကျေးရွာများတွင် ဒေသတွင်း စားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံဖြစ်သည့် နှမ်းသီးနှံကို ဇန်နဝါရီလ (ပထမပတ်)မှ စတင်စိုက်ပျိုးကြပြီး ယခုအချိန်တွင် ရိတ်သိမ်းပြီးစီးလျက်ရှိသည်။

နှမ်းအမျိုးအစားများမှာ နှမ်းဝါ၊ စမုန်နက်၊ ဆင်းရတနာ-၁၀ မျိုးများကို စိုက်ပျိုးလျက်ရှိသည်။ ထွက်ရှိလာသော နှမ်းများကို ဆီစက်သို့ တောင်သူကိုယ်တိုင် ဆီကြိတ်၍ ရောင်းချပြီး နှမ်းဖတ်များကို အမှုန့်ကြိတ်၍ သီးနှံများစိုက်ပျိုးရာတွင် မြေဩဇာအဖြစ် အသုံးပြုကြသည်။ တောင်သူများသည် ပခုက္ကူမြို့သို့သွားရောက်ရောင်းချရန် နယ်မြေအခက်အခဲကြောင့် ဒေသတွင်းစားသုံးရန်အတွက်စိုက်ပျိုးကြပြီး ပေါက်မြို့၊ မြို့မဈေးသို့ လာရောက်ရောင်းချကြသည်။

နှမ်းစိုက်တောင်သူများ၏ တစ်ဧကေ ပျမ်းမျှအထွက်နှုန်းမှာ ၇ တင်း ပတ်ဝန်းကျင်ထိ ထွက်ရှိပြီး တောင်သူများ၏ အကျိုးအမြတ်မှာဆီစျေးနှုန်းပေါ်မူတည်နေကြောင်း၊ နှမ်းတစ်တင်းကြိတ်လျှင် ဆီ ၆-၇ ပိဿာ ထွက်ရှိကြောင်း၊ တစ်ဧကေ စိုက်ပျိုးကုန်ကျစရိတ်မှာကျပ် ၁၂ သိန်းခန့်ရှိကြောင်း၊ တစ်ဧကေစိုက်ပျိုးထွက်ရှိမှု၏ ဝင်ငွေမှာ ကျပ် ၂၅ သိန်းခန့် ရရှိကြောင်း တောင်သူတစ်ဦး၏ အသားတင် အကျိုးအမြတ်မှာ ကျပ် ၁၃ သိန်းခန့်ထိ ကျန်ရှိနိုင်ကြောင်း တောင်သူများထံမှ သိရသည်။

ယခင် သီးနှံစိုက်ပျိုးချိန်တွင် နှမ်းဆီစျေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၉၀,၀၀၀ ထိရှိခဲ့ပြီး ယခုမေလ (ဒုတိယပတ်)တွင် သီးနှံများ ရိတ်သိမ်းပြီးသွားသောကြောင့် တစ်ပိဿာလျှင် ကျပ် ၅၅,၀၀၀ စျေးဖြင့် အရောင်းအဝယ်ဖြစ်နေပြီး ၁ ပိဿာလျှင် ကျပ် ၃၅,၀၀၀ စျေးနှုန်းကျဆင်းသွားကြောင်း သိရသည်။

**Source: DOCA(**မကွေး)

## မွန်ပြည်နယ်၊ ပေါင်မြို့နယ်ဒေသထွက် ရာသီစာမင်းကွတ်သီးများ စျေးကောင်းရရှိ



မွန်ပြည်နယ်၊ ပေါင်မြို့နယ်တွင် ဒေသထွက် ရာသီစာမင်းကွတ်သီးများ ယခုနှစ် ပေါ်ဦးပေါ်ဖျားချိန်ကတည်းက စျေးကောင်းရရှိနေတာကြောင့် ခြံပိုင်ရှင်များ အဆင်ပြေကြတယ်လို့ အရောင်းဒိုင်များထံမှ သိရသည်။

ပေါင်မြို့နယ်ထွက် မင်းကွတ်သီးများမှာ စျေးကွက်အတွင်း ဝယ်ယူစားသုံးသူ များပြားနေတာကြောင့် စတင်ခူးဆွတ်ချိန်မှ လက်ရှိအထိ စျေးကောင်းရရှိနေဆဲဖြစ်တယ်လို့ ပေါင်မြို့နယ်မှ မင်းကွတ်သီးရောင်းဝယ်ရေးဒိုင်တစ်ဦးက ပြောသည်။

"ဒီနှစ် စခူးတဲ့အချိန်ကတည်းက စျေးကောင်းရတယ်၊ အခုချိန်ထိလို့ပြောလို့ရတယ်၊ စျေးကွက်မှာလည်း အရောင်းအဝယ်ရှိတော့ ဒီဘက်ဒေသထွက်မင်းကွတ်သီးကို ရသလောက်ပွဲရုံက ယူနေတယ်၊ အခုက ရာသီဥတု အရမ်းပူတယ်လေ၊ မင်းကွတ်သီးက အအေးဓာတ်စာဆိုတော့ ဝယ်စားကြတာလဲပါတယ်၊ ဒီနှစ်က ခြံပိုင်ရှင်တွေအတွက် အဆင်ပြေတဲ့နှစ်လို့ပဲ ပြောရမယ်" ဟု ၎င်းက ပြောသည်။

ယခုနှစ် မင်းကွတ်သီးပေါ်ဦးပေါ်ဖျားချိန် အလုံးကြီးတစ်လုံးကို ငွေကျပ် ၇၀၀ ဝန်းကျင်ခန့်နှင့် ပုံမှန်အလုံးတစ်လုံးကို ၅၀၀ ကျပ်ခန့်စျေးကွက်အတွင်းပေါက်စျေးရှိခဲ့ပြီး လက်ရှိစျေးမှာ ၄၀၀ ကျပ်ဝန်းကျင်ခန့်သာလျော့ကျသွားတယ်လို့၎င်းက ပြောသည်။

ရာသီစာမင်းကွတ်သီးကို မွန်ပြည်နယ်ရှိ မြို့နယ်အများစုတွင် စိုက်ပျိုးကြပြီး ထွက်ရှိသော မင်းကွတ်သီးများကို ဒေသတွင်းစားသုံးရောင်းချမှုများအပြင် အလုံး ၁၅၀ ပါ ပလတ်စတစ်ခြင်းများဖြင့် ထုပ်ပိုးကာ ရန်ကုန်ပွဲရုံနှင့်မန္တလေးတို့ကို အဓိကတင်ပို့ရောင်းချကြောင်း ပေါင်မြို့နယ်အရောင်းဒိုင်များမှ သိရသည်။

ဒေသထွက် မင်းကွတ်သီးကို တောင်ပေါ်သီးနှင့် ရွာသီးဟု ဒေသအတွင်း ခွဲခြားထားပြီး တောင်ပေါ်သီးမှာ ရွာသီးထက်အလုံးပိုကြီးသော်လည်း အခွံထူကာ အချဉ်ဓာတ်နည်းနည်းဖောက်ပြီး ရွာသီးမှာအခွံပါးကာပိုချိုပြီး စျေးနှုန်းအတူတူပင်ဖြစ်ကြောင်း မင်းကွတ်သီးခြံပိုင်ရှင်များထံကသိရသည်။

Source: https://www.doca.gov.mm/

## ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ၁၄ ကြိမ်မြောက် ဝန်ကြီးအဆင့်ဆွေးနွေးပွဲအရှိန်အဟုန်ကိုအခြေခံ၍ ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များအား အထွေထွေကောင်စီဥက္ကဋ္ဌကတင်ပြ




ကင်မရွန်းနိုင်ငံ၊ ယာအွန်းဒေးမြို့၌ ကျင်းပခဲ့သည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ၁၄ ကြိမ်မြောက် ဝန်ကြီးအဆင့်ညီလာခံ (MC14) အပြီး ဂျီနီဗာ၌ ပထမဆုံးပြုလုပ်သည့် အထွေထွေကောင်စီ အစည်းအဝေးတွင် ကောင်စီဥက္ကဋ္ဌဖြစ်သူ နယူးဇီလန်သံအမတ်ကြီး Clare Kelly က MC14 အရှိန်အဟုန်ကို အခြေခံကာ ဆက်လက်လုပ်ဆောင်သွားမည့် ဆွေးနွေးမှုပုံစံများကို တင်ပြခဲ့သည်။

အစည်းအဝေးတွင် အီလက်ထရွန်းနစ် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းအစီအစဉ်နှင့် အကောက်ခွန်ဆိုင်းငံ့ထားမှု (e-Commerce Work Programme and moratorium) ကို သက်တမ်းတိုးရန်ကိစ္စအပေါ် တူရကီနိုင်ငံက သဘောတူကြောင်း ကြေညာခဲ့ပြီး အထွေထွေကောင်စီဥက္ကဋ္ဌက e-Commerce လုပ်ငန်းအစီအစဉ်နှင့် အကောက်ခွန်ဆိုင်းငံ့မှု၊ WTO ပြုပြင်ပြောင်းလဲရေးတို့၏ စာသားများကို အတည်ပြုနိုင်မည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ညှိနှိုင်းမှုများရလဒ်များကို ဇူလိုင်လတွင် ကျင်းပမည့် အထွေထွေကောင်စီအစည်းအဝေး၌ တင်ပြသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

WTO ပြုပြင်ပြောင်းလဲရေးတွင် အငြင်းပွားမှုဖြေရှင်းရေးကိစ္စကို ညှိနှိုင်းဆွေးနွေးသွားမည် ဖြစ်ကြောင်း၊ အခြားကိစ္စရပ်များဖြစ်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် သဘောတူညီချက်ကို မချိုးဖောက်သော်လည်း တိုင်ကြားနိုင်ခွင့်၊ နည်းပညာလွှဲပြောင်းပေးရေးနှင့်ပတ်သက်၍ G90 ၏အဆိုပြုချက်များ၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအတွက် သီးသန့်အစီအစဉ်၊ ငွေလွှဲခကုန်ကျစရိတ်များနှင့် စိုက်ပျိုးရေး ကုန်သွယ်မှုကိစ္စရပ်များလည်း ပါဝင်ကြောင်း၊ ငါးလုပ်ငန်းဆိုင်ရာ ထောက်ပံ့ကူညီမှုများနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုလွယ်ကူချောမွေ့စေရေး စသည့်ကိစ္စရပ်များတွင်လည်း ယင်းသို့ ညှိနှိုင်းသင့်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ MC14 ဆုံးဖြတ်ချက်များဖြစ်သော အသေးစားစီးပွားရေးနိုင်ငံများ (small economies) နိုင်ငံစုံ ကုန်သွယ်ရေးစနစ်တွင် ပါဝင်နိုင်ရန်၊ လူ၊ အပင်နှင့်တိရစ္ဆာန်ရောဂါပိုးမွှား အန္တရာယ်ကင်းရှင်းရေး (SPS) နှင့် ကုန်သွယ်မှုဆိုင်ရာ နည်းပညာအတားအဆီးများ (TBT) သဘောတူညီချက်များတွင် ပါရှိသည့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အထူးနှင့်သီးခြားပြဋ္ဌာန်းချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ရန်၊ ငါးလုပ်ငန်းထောက်ပံ့ကူညီမှုဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်ရန်တို့ကို တရားဝင်အတည်ပြုခဲ့ကြသည်။

အမေရိကန်ပြည်ထောင်စုကအဖွဲ့ဝင် ၁၉ နိုင်ငံပါဝင်ထောက်ခံထားသည့် ၎င်း၏ အဆိုပြုချက် Joint Statement on the Moratorium on Customs Duties on Electronic Transmissions "အီလက်ထရွန်းနစ်နည်းလမ်းဖြင့် ပေးပို့မှုများအပေါ် အကောက်ခွန်ဆိုင်းငံ့မှုဆိုင်ရာ ပူးတွဲကြေညာချက်" ကိုတင်ပြခဲ့ပြီး ၂၀၂၆ ခုနှစ်၊ မေလ ၈ ရက်နေ့မှစ၍ အီလက်ထရွန်းနစ်နည်းလမ်းဖြင့် ပေးပို့မှုများအပေါ် အဆိုပါ ၁၉ နိုင်ငံသည် အချင်းချင်းအခွန်ကောက်ခံခြင်း မပြုကြောင်း တင်ပြခဲ့သည်။

ထပ်မံ၍ Plurilateral Agreement ဖြစ်သည့် အီလက်ထရွန်းနစ် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ သဘောတူညီချက်ကို WTO ၏ တရားဝင်ဥပဒေရေးရာမူဘောင်အတွင်း ထည့်သွင်းနိုင်ရန် ကြိုးပမ်းနေစဉ် အဖွဲ့ဝင်နိုင်ငံပေါင်း ၆၀ ကျော်က ယာယီအစီအမံများမှတစ်ဆင့် လက်တွေ့လုပ်ငန်းစဉ်တစ်ရပ်ကို ချမှတ်လိုက်ပြီဖြစ်ကြောင်း ကြေညာခဲ့သည်။

ထို့နောက် တောင်ကိုရီးယားနိုင်ငံမှ တင်ပြသောပွင့်လင်းမြင်သာမှုရှိရေးနှင့် ကုန်သွယ်မှုဖြေလျှော့ခြင်းကို ထိခိုက်စေသော လုပ်ဆောင်ချက်များကို စုပေါင်းကာကွယ်ရန် ကြေညာချက်နှင့် အဖွဲ့ဝင်နိုင်ငံအချို့၏စိုက်ပျိုးရေးကုန်သွယ်မှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်သည့် အစီရင်ခံစာကိုလည်း ဆွေးနွေးသုံးသပ်ခဲ့ကြသည်။

၂၀၂၈ ခုနှစ်တွင် ကျင်းပမည့်၁၅ ကြိမ်မြောက် ဝန်ကြီးများအဆင့်ညီလာခံ၏ အချိန်နှင့် နေရာတို့အတွက် ဆော်ဒီအာရေဗျ နိုင်ငံ ၊ကိုရီယတ်မြို့၌လက်ခံကျင်းပရန်ကမ်းလှမ်းချက်အပေါ် ဆက်လက်ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

**Source : https://www.wto.org/**

https://commerce.gov.mm/

## ဗီယက်နမ်၊ မလေးရှားတို့နှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှု အရှိန်မြှင့်တင်မည့် တောင်ကိုရီးယား



အာဆီယံ-ကိုရီးယားစင်တာနှင့် ကိုရီးယား သွင်းကုန်လုပ်ငန်းရှင်များ အသင်းတို့သည် တောင်ကိုရီးယားနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်ရည်ရွယ်၍ဗီယက်နမ်နှင့် မလေးရှား နိုင်ငံများသို့ ကုန်သွယ်မှုမြှင့်တင်ရေးကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို စေလွှတ် သွားမည်ဖြစ်ကြောင်း မေ ၁၈ ရက်တွင် ကြေညာခဲ့သည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့နှင့် အစည်းအဝေးကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့နှင့် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တို့တွင် မေ ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီးအစားအသောက်နှင့် လူသုံးကုန်ပစ္စည်းကဏ္ဍတွင် အထူးပြု ထားသည့် ကိုရီးယားကုမ္ပဏီ ၂၀ နှင့် ဒေသတွင်း စီးပွားရေးလုပ်ငန်း ၆၀ ကျော်အကြား တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်သွား မည်ဖြစ်ကြောင်း စီစဉ်သူများက ပြောကြားခဲ့သည်။

အစီအစဉ်တွင် စီးပွားရေးဖိုရမ်များ၊ စီးပွားရေးချိတ်ဆက်မှု ဆွေးနွေးပွဲများနှင့် စက်ရုံလေ့လာရေးခရီးများ ပါဝင်မည်ဖြစ် ကြောင်း သိရသည်။

ထိုအစီအစဉ်၏ ရည်ရွယ်ချက်မှာ ကိုရီးယားကုမ္ပဏီများအား အာဆီယံဒေသအတွင်း ပို့ကုန်-သွင်းကုန် လမ်းကြောင်းများနှင့် ဒေသတွင်းဈေးကွက် အပြောင်းအလဲများဆိုင်ရာ အချက်အလက်များ ပံ့ပိုးပေးရန်ဖြစ်ပြီး နောက်ဆုံးပေါ် စက်မှုလုပ်ငန်းဆိုင်ရာ နည်းပညာနှင့်လုပ်ငန်းလမ်းကြောင်းများကို လေ့လာနိုင်ရန် အခွင့်အလမ်းများလည်း ဖန်တီးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အာဆီယံနိုင်ငံများရှိ သက်ဆိုင်ရာလုပ်ငန်းမိတ်ဖက်များနှင့် ကွန်ရက်ချိတ်ဆက်မှုတိုးချဲ့ရန်နှင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်နိုင်မည့်မိတ်ဖက်များ ရှာဖွေဖော်ထုတ်ရန်လည်း အဓိကထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တောင်ကိုရီးယား – ဗီယက်နမ် စီးပွားရေးဖိုရမ်ကို မေ ၂၀ ရက်တွင် New World Saigon Hotel ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဟိုချီမင်းမြို့တော်စည်ပင် သာယာရေးဌာန၏ ဘဏ္ဍာရေးဌာနနှင့် စက်မှုကုန်သွယ်ရေးဌာန၊ ထို့ပြင် Vietnam Trade Promotion Agency မှကိုယ်စားလှယ်များက ရင်းနှီးမြှုပ်နှံမှုလမ်းကြောင်းများ၊ ကုန်သွယ်ရေးမူဝါဒများနှင့် ဗီယက်နမ်-တောင် ကိုရီးယား လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက် အကောင်အထည်ဖော်မှုအခြေအနေများကို မျှဝေဆွေးနွေးသွားမည် ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကိုရီးယားကိုယ်စားလှယ်အဖွဲ့သည် အစားအသောက်နှင့် နည်းပညာလုပ်ငန်းများသို့ သွားရောက်လေ့လာကာ ပေါင်း စည်းထားသည့် ထောက်ပံ့မှုကွင်းဆက်မော်ဒယ်များနှင့် ဗီယက်နမ်၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆွဲဆောင်ရေးမူဝါဒများအထူး သဖြင့် ဟိုချီမင်းမြို့တော်ကို ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေးဗဟိုချက်အဖြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စီးပွားရေးလုပ်ငန်းများ၏ တင်ပို့ရာဈေးကွက် မျိုးစုံချဲ့ထွင်နိုင်ရေး အထောက်အကူပြုရန် ရည်ရွယ်သည့် မဟာဗျူဟာများကို လေ့လာသွားမည်ဖြစ် ကြောင်း သိရသည်။

**Source : Vietnam Plus**

**DOCA (ရန်ကုန်)**

## STOCK EXCHANGE (20.5.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 21st May, 2026

#### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 74,996 (Shares) | 351,307,850 (MMK) |

#### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 15,000 | +500 | +3.45% | 14,500 | 15,000 | 14,500 | 1,267 | 18,469,000 | 33,109,694 | 496,645 |
| MTSH | 00002 | 6,900 | +200 | +2.99% | 6,700 | 6,900 | 6,700 | 6,080 | 41,097,000 | 38,929,150 | 268,611 |
| MCB | 00003 | 9,700 | +100 | +1.04% | 9,700 | 9,700 | 9,700 | 17 | 164,900 | 10,400,986 | 100,890 |
| FPB | 00004 | 4,800 | +300 | +6.67% | 4,700 | 4,800 | 4,700 | 7,211 | 34,151,700 | 31,144,738 | 149,495 |
| TMH | 00005 | 3,250 | +50 | +1.56% | 3,200 | 3,250 | 3,200 | 12 | 38,450 | 12,823,224 | 41,676 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 8,605 | 15,058,750 | 19,977,223 | 34,960 |
| AMATA | 00007 | 3,950 | +50 | +1.28% | 3,800 | 3,950 | 3,800 | 703 | 2,701,850 | 10,497,598 | 41,466 |
| MAEX | 00008 | 4,300 | +0 | +0.00% | 4,200 | 4,300 | 4,200 | 1,101 | 4,626,200 | 23,804,946 | 102,361 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 21st May, 2026

#### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 651.65 | +18.92 | +2.99% | 630.92 | 651.65 | 630.92 | 24,996 | 116,307,850 | 8 | 1,236,104 |

#### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 12:30 pm, 22nd May, 2026

#### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,421 (Shares) | 34,175,900 (MMK) |

| MYANPIX | 657.58 ▲ 5.93 |
|---|---|
| Total Volume (shares) | 6,421 |
| Total Value (MMK) | 34 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,247,347 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 15,000 | ▲ 0 |
| MTSH | 00002 | 7,000 | ▲ 100 |
| MCB | 00003 | 9,700 | ▲ 0 |
| FPB | 00004 | 4,900 | ▲ 100 |
| TMH | 00005 | 3,250 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 3,900 | ▼ 50 |
| MAEX | 00008 | 4,500 | ▲ 200 |